ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၄၁ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးသိန်းထွန်း(ဒါရိုက်တာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Ayeyarwaddy Rising Star Co., Ltd.<br>ဦးပိုင်အမှတ်(၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ)၊ ကွင်းအမှတ်(၄၃၈/ ခနိကျွန်း)၊ အောက်ကွင်းကြီးကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။<br>၀၉ -၂၆၀၇၅၅၄၁၆ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ရေသန့်ရေခဲ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | မြေဧရိယာ ၁.၈၄ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ဦးပိုင်အမှတ်(၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ)၊ကွင်းအမှတ်(၄၃၈/ ခနိကျွန်း)၊ အောက်ကွင်းကြီးကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း(၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၁၉-၂-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၈-၂-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂၅-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃/ ၂(၅)( ၃၀၂၁/ ၂၀၂၄)ဖြင့် တင်ပြခဲ့သည့် **“ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)”** |



၂၅.၃.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Ayeyarwaddy Rising Star Co., Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၄၃၈/ခနီကျွန်း)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ) ရှိ မြေဧရိယာ (၁.၈၄) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေသန့်ရေခဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Ayeyarwaddy Rising Star Co., Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၄၃၈/ခနီကျွန်း)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ) ရှိ မြေဧရိယာ (၁.၈၄) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေသန့်ရေခဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂၅-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃/ ၂ (၅) (၃၀၂၁/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းထွန်း (ဒါရိုက်တာ)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ)၊ ကွင်းအမှတ် (၄၃၈/ ခနီကျွန်း)၊ အောက်ကွင်းကြီးကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ဖျာပုံမြစ်အတွင်းမှ မြစ်ရေအား စုပ်ယူ၍ မြေသားကန်အတွင်းသို့ ထည့်၍ တစ်ရက်ခန့် အနည်ကျစေခြင်း၊ အနည်ကျပြီးသော ရေများအား စုပ်ယူ၍ ကျောက်ချဉ်ခတ်ထားသည့် ဂါလန် (၁၀၀,၀၀၀) ဆံ့ ကွန်ကရစ်ရေကန်အတွင်းသို့ ထည့်၍ ထပ်မံအနည်ကျစေခြင်း၊ အနည်ကျပြီးသော ရေများကို ရေသန့်စက်သို့ ပို့ဆောင်၍ Sand Filter, Carbon Filter, 5 Micron Filter, 1 Micron Filter, UV Filter ပါရှိသော ရေသန့်စက်အတွင်းသို့ အဆင့်ဆင့် ဖြတ်သန်းစေ၍ သန့်စင်ခြင်း၊ ရေသန့်စက်မှ ထွက်ရှိလာသော ရေများအား သွပ်ရည်သုတ်ထားသော ရေခဲပုံးများထဲသို့ ထည့်၍ အမိုးနီးယားပိုက်လိုင်းမှတစ်ဆင့် အမိုးနီးယား ဓာတ်ငွေ့လွှတ်ထားသော ဆားရေကန်အတွင်းသို့ အဆိုပါ ရေခဲပုံးများအား စိမ်၍ ရေခဲစေခြင်း၊ အေးခဲပြီး သွပ်ရေခဲပုံးများမှ ရေခဲတုံးများကို အလွယ်တကူထုတ်ယူနိုင်ရန် ရေခဲတုံးရေဆေးစိမ်ကန်တွင် နှစ်စိမ်ပြီးနောက် ရေခဲတုံးများ ထုတ်ယူခြင်း၊ ထွက်ရှိလာသော ရေခဲတုံးများအား ရေခဲခွဲစက်တွင် ကြိတ်ခွဲ၍ လာရောက်ဝယ်ယူသည့် ပင်လယ်ငါးဖမ်းသင်္ဘောများသို့ တိုက်ရိုက်ရောင်းချခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းအဖြစ် အသုံးပြုသော ရေအရင်းအမြစ်ကို ဖျာပုံမြစ်ရေမှ ရယူအသုံးပြုကြောင်း၊ ကုန်ချောထုတ်လုပ်မှုပမာဏအနေဖြင့် တစ်ရက်လျှင် ပေါင် (၂၆၀) ရှိ ရေသန့်ရေခဲတုံး (၁၀၀) ခန့် သို့မဟုတ် (၁၂) တန်ခန့် ထုတ်လုပ်နိုင်ကြောင်း၊ ရေအသုံးပြုမှုပမာဏမှာ

တစ်လလျှင် ရေဂါလန် (၁,၂၆၀,၀၀၀) ခန့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အလုပ်သမား (၃၃) ဦးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့လျှင် အဆိုင်း (၁) ဆိုင်းဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နှစ်လျှင် အလုပ်လုပ်ရက်ပေါင်း (၂၁၀) ရက်ခန့်ရှိပါကြောင်း၊ စွမ်းအင်အသုံးပြုမှုအနေဖြင့် (၄၀၀) KVA ထရန်စဖော်မာအား တပ်ဆင်အသုံးပြုမည်ဖြစ်ပြီး တစ်နှစ်လျှင် (၃,၀၀၀) ကီလိုဝပ်ခန့် အသုံးပြုသွားမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ပါက (၃၂၅) KVA ရှိသော မီးစက် (၁) လုံး တပ်ဆင်အသုံးပြုကြောင်း၊ မီးစက်အသုံးပြုမှုမှာ တစ်နေ့လျှင် ၅ နာရီမှ ၆ နာရီ ဖြစ်ပြီး ပျမ်းမျှ လောင်စာဆီသုံးစွဲမှုမှာ တစ်ရက်လျှင် ဒီဇယ်ဆီ (၈) ဂါလန်ခန့်နှင့် တစ်နှစ်လျှင် ဂါလန် (၉,၈၀၀) ခန့် အသုံးပြုမည် ဖြစ်ကြောင်း၊ လောင်စာဆီများကို ဆီပေပါများဖြင့် မီးစက်ထားရာ အဆောက်အဦတွင် စနစ်တကျ သိုလှောင်ထားရှိပါကြောင်း၊ အစိုင်အခဲစွန့်ပစ်ပစ္စည်းထွက်ရှိမှုအနေဖြင့် စက်ရုံရှိ ဝန်ထမ်း လုပ်သား (၃၃) ဦးမှ စွန့်ပစ်အမှိုက် (၁) ရက်လျှင် (၁၃) ကီလိုဂရမ်ခန့် ထွက်ရှိပါကြောင်း၊ အမှိုက်များ ခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများအား အရောင်ခွဲခြားထားရှိပါကြောင်း၊ လုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား စက်ရုံဝန်းအတွင်း မြေကျင်းတူး၍ စွန့်ပစ်ပါကြောင်း၊ ပလတ်စတစ်၊ ပုလင်း၊ ဘူးခွံ၊ ရုံးသုံးနှင့် ဝန်ထမ်းသုံးစွန့်ပစ်ပစ္စည်းစသည့် အမှိုက်များကို စက်ရုံအတွင်း သတ်မှတ်နေရာများအလိုက် ယာယီအမှိုက်ပုံးများ ထားရှိစွန့်ပစ်ပါကြောင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းထွက်ရှိမှုအနေဖြင့် စီမံကိန်းဧရိယာအတွင်း မီးလုံး၊ မီးချောင်းအဟောင်းများ၊ စက်ဆီ၊ ချောဆီ ပုံးခွံများသာဖြစ်ပါကြောင်း အမှိုက်ပမာဏများသည့်အချိန်တွင် မြို့နယ်စည်ပင်သာယာ၏ အမှိုက်ကားခေါ်ယူ၍ စွန့်ပစ်သွားမည် ဖြစ်ကြောင်း၊ စွန့်ပစ်ရေထွက်ရှိမှုအနေဖြင့် ရေခဲတုံးများအား ဆေးကြောရေများနှင့် အလုပ်သမားများ တစ်ကိုယ်ရေသုံးဆေးကြောရေများသာ ထွက်ရှိပါကြောင်း၊ အလုပ်သမားဆေးကြောရေနှင့် ရေခဲစိမ်ကန်မှ ဆေးကြောရေများအား စက်ရုံရေမြောင်းမှ စွန့်ပစ်မည်ဖြစ်ကြောင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် အမှိုက်နှင့် အညစ်အကြေးများ ဆယ်ယူရှင်းလင်းခြင်းကို လစဉ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေသန့်စင်ခြင်းလုပ်ငန်းမှ Sludge ထွက်ရှိမှုပမာဏကိုလည်း ရက်၊ လ၊ နှစ်ထွက်ရှိမှု ပမာဏကို ဖော်ပြထားပြီး အဆိုပါ Sludge များကို လမ်းဖို့ခြင်းနှင့် ပင်မမြေသားကန်ဘောင်ဖို့ခြင်းတို့တွင် ပြန်လည်အသုံးပြုပါကြောင်း၊ ကျောက်ချဉ်အသုံးပြုသည့် အနည်ထိုင်ကန်မှ Reject Water (၁) ရက်လျှင် (၄၂၀) ဂါလန်ထွက်ရှိပါကြောင်း၊ အဆိုပါရေအား ရေနုတ်မြောင်းမှတစ်ဆင့် Gravity Flow ဖြင့် ပင်မမြေသားကန်သို့ Recycle ပို့ဆောင်ပါကြောင်း၊ ရေခဲစိမ်ကန်မှ (၂) ပတ် (၁) ကြိမ်လဲလှယ်သော စွန့်ပစ်ရေမှာ (၄,၂၀၀) ဂါလန်ခန့်ရှိပါကြောင်းနှင့် ရေနုတ်မြောင်းမှတစ်ဆင့် စက်ရုံဘေး ရေမြောင်းသို့ တိုက်ရိုက်စွန့်ပစ်ပါကြောင်း၊ လိုအပ်ပါက စွန့်ထုတ်ရေပမာဏနှင့်ကိုက်ညီသော ရေစစ်ကန်အား တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၄၃၈/ခနိကျွန်း)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊၄-ဆ) ရှိ မြေဧရိယာ (၁.၈၄) ဧကပေါ်တွင် တည်ရှိပါသည်။


**Ayeyarwaddy Rising Star Co., Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၄၃၈/ခနိကျွန်း)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ) ရှိ မြေဧရိယာ (၁.၈၄) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေသန့်ရေခဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းတည်နေရာပြမြေပုံ**



**Ayeyarwaddy Rising Star Co., Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၄၃၈/ခနိကျွန်း)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ) ရှိ မြေဧရိယာ (၁.၈၄) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေသန့်ရေခဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Factory Layout Plan**



# Ayeyarwaddy Rising Star Co., Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၄၃၈/ဓနိကျွန်း)၊ ဦးပိုင်အမှတ် (၃၃၊ ၄-စ၊ ၃၄၊ ၄-ဆ) ရှိ မြေဧရိယာ (၁.၈၄) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေသန့်ရေခဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်


| စီမံကိန်းလုပ်ငန်းစဉ်ပြပုံများ | |
|---|---|
|  |  |
| မြစ်ရေအနည်ကျ မြေသားကန်ပုံ | ကျောက်ချဉ်ခတ်ပြီး ရေသန့်စင်ထားသည့် ဂါလန်တစ်သိန်းဆန့် ကွန်ကရစ်ရေကန် |
|  |  |
| evaporator’ ရေအေးဖြန်းစနစ် | အမိုးနီးယားဓာတ်ငွေ့စနစ်အတွင်း လည်ပတ်ရန်အတွက် ကွန်ပရက်ဆာအား၊ မော်တာများနှင့် မောင်းနှင်သည့်ပုံ |
|  |  |
| အမိုးနီးယားဓာတ်ငွေ့လွှတ်ထားသော ဆားရေကန်အတွင်းရှိ အအေးကွိုင်များပြပုံ | သွပ်ရည်သုတ်ထားသော ရေခဲပုံများအား အမိုးနီးယားဓာတ်ငွေ့လွှတ်ထားသော ဆားရေကန်အတွင်း ထားရှိသည့်ပုံစံပြပုံ |



ရေခဲပုံးများအားကရိန်းဖြင့်သယ်ထုတ်ပုံ



ရေခဲတုံးရေဆေးစိမ်ကန်တွင်စိမ်ပြီးထုတ်ယူပုံ



ရေခဲတုံးများအားဝန်ချီစက်ဖြင့်လျှောက်လမ်းပေါ်တင်ပုံ



ရေခဲတုံးလျှောက်လမ်းမှကမ်းခြေသို့



ကမ်းခြေရှိလျှောက်လမ်းအဆုံးရှိရေခဲတုံးကြိတ်ခွဲစက်



ကြိတ်ခွဲပြီးရေခဲတုံးများအားငါးဖမ်းလှေများသို့တိုက်ရိုက်ရောင်းချပုံ

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂၅-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃/ ၂ (၅) (၃၀၂၁/၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ဖော်ပြပါ အလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ဖျာပုံမြစ်အတွင်းမှ မြစ်ရေအား စုပ်ယူ၍ မြေသားကန်အတွင်းသို့ ထည့်၍ တစ်ရက်ခန့် အနည်ကျစေခြင်း၊ အနည်ကျ ပြီးသော ရေများအား စုပ်ယူ၍ ကျောက်ချဉ်ခတ်ထားသည့် ဂါလန် (၁၀၀,၀၀၀) ဆံ့ ကွန်ကရစ် ရေကန်အတွင်းသို့ ထည့်၍ ထပ်မံအနည်ကျစေခြင်း၊ အနည်ကျပြီးသော ရေများကို ရေသန့်စက်သို့ ပို့ဆောင်၍ Sand Filter, Carbon Filter, 5 Micron Filter, 1 Micron Filter, UV Filter ပါရှိသော ရေသန့်စက်အတွင်းသို့ အဆင့်ဆင့် ဖြတ်သန်းစေ၍ သန့်စင်ခြင်း၊ ရေသန့်စက်မှ ထွက်ရှိလာသော ရေများအား သွပ်ရည်သုတ်ထားသော ရေခဲပုံးများထဲသို့ ထည့်၍ အမိုးနီးယားပိုက်လိုင်းမှတစ်ဆင့် အမိုးနီးယားခတ်ငွေ့လွှတ်ထားသော ဆားရေကန်အတွင်းသို့ အဆိုပါ ရေခဲပုံးများအား စိမ်၍ ရေခဲစေခြင်း၊ အေးခဲပြီး သွပ်ရေခဲပုံးများမှ ရေခဲတုံးများကို အလွယ်တကူထုတ်ယူနိုင်ရန် ရေခဲတုံးရေဆေးစိမ်ကန်တွင် နှစ်စိမ်ပြီးနောက် ရေခဲတုံးများ ထုတ်ယူခြင်း၊ ထွက်ရှိလာသော ရေခဲတုံးများအား ရေခဲခွဲစက်တွင် ကြိတ်ခွဲ၍ လာရောက်ဝယ်ယူသည့် ပင်လယ်ငါးဖမ်းသင်္ဘောများသို့ တိုက်ရိုက်ရောင်းချခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေခဲစက်ရုံတွင် အမိုးနီးယားဘေးကင်းလုံခြုံရေးစီမံချက် ရေးဆွဲထား၍ အစဉ်လိုက်နာဆောင်ရွက်ရန်၊

(၂) မီးစက်တွင် အမှုန်အမွှားနှင့် ခတ်ငွေ့စစ်ကိရိယာ တပ်ဆင်၍ အသုံးပြုရန်၊

(၃) စက်ရုံဝန်းကျင်တွင် သစ်ပင်၊ ပန်းပင်များ၊ အရိပ်ရအပင်ကြီးများပါရှိသော စိမ်းလန်း ရေိယာထားရှိ ဆောင်ရွက်ရန်၊

(၄) စက်ရုံအတွင်းပုံမှန် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရန်၊

(၅) လုပ်သားများအား အသက်ရှူကာကွယ်ရေးကိရိယာများ၊ လက်အိတ်များ စသည့် တစ်ကိုယ်ရေကာကွယ်ရေးကိရိယာများ ထောက်ပံ့ပေးရန်နှင့် ဝတ်ဆင် အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၆) စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပုံမှန် ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများကို လဟာပြင် မီးရှို့ဖျက်ဆီးခြင်း မပြုရန်၊

(၈) စီမံကိန်းဖျက်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်စဉ်တွင် လုပ်ငန်းခွင်နေရာနှင့် လမ်းအား ရေဖျန်းပေးခြင်း၊ ကောင်းမွန်သည့် ယာဉ်နှင့် ယန္တရားများ အသုံးပြုခြင်းနှင့် ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** စွန့်ပစ်ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စက်ရုံတွင် စွန့်ပစ်ရေဆိုးသန့်စင်စနစ် သို့မဟုတ် အနည်ထိုင်ကန်များ တည်ဆောက် ဆောင်ရွက်ရန်၊

(၂) မိလ္လာကန်စနစ်နှင့် ရေနုတ်မြောင်းများအားလုံးကို ပုံမှန်စစ်ဆေးထိန်းသိမ်းရန်၊

(၃) ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ရန်၊

(၄) စီမံကိန်းရေမြောင်းများအား ရေးစီးရေလာ ကောင်းမွန်အောင် ပုံမှန်ပြုပြင် ထိန်းသိမ်းရန်နှင့် မြောင်းတူးဖော်ပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) ဆီနှင့်ဓာတုပစ္စည်းများ အသုံးပြုရာတွင် စွန့်ပစ်ရေမြောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များနှင့် ကိုက်ညီစေရန် ကြီးကြပ် ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရန်၊

(၆) စွန့်ပစ်ရေသန့်စင်စနစ်အား လိုအပ်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန် အတွက် စွန့်ပစ်ရေ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်၍ NEQEG သတ်မှတ်ချက်များအတွင်း ဝင်ရောက်စေရေး ဆောင်ရွက်ရန်၊

(၇) ရေဆိုးသန့်စင်သည့်စနစ်အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၈) ဆီနှင့် ဓာတုပစ္စည်းများ မတော်တဆ ယိုဖိတ်ခြင်းများ ဖြစ်ပေါ်ပါက ချက်ချင်း သန့်စင်၍ စနစ်တကျ စွန့်ပစ်ရန်၊

(၉) စီမံကိန်းဖျက်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်စဉ်တွင် ဖြိုဖျက်ပြီးအမှိုက်များအား ရေမြောင်းအတွင်းသို့ စွန့်ပစ်ခြင်း မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်။

(င) **ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုနည်းသည့် စက်ပစ္စည်းကိရိယာများ အသုံးပြုဆောင်ရွက်ရန်၊

(၂) အသံထွက်သော မီးစက်၊ ရေစက်များတွင် အသံထိန်းစနစ်များ တပ်ဆင် အသုံးပြု ဆောင်ရွက်ရန်၊

(၃) ဆူညံသံများသော နေရာများတွင် လုပ်ကိုင်သော ဝန်ထမ်းများကို အချိန် သတ်မှတ်၍ အလှည့်ကျ လုပ်ကိုင်စေခြင်းများ ဆောင်ရွက်ရန်၊

(၄) စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပုံမှန် ဆောင်ရွက်ရန်၊

(၅) ဆူညံသံများသော နေရာများတွင် လုပ်ကိုင်ရသော ဝန်ထမ်းများအတွက် လုံလောက်သော နားကြပ်နှင့် နားအဆို့အကာများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) ဘေးပတ်ဝန်းကျင်သို့ ဆူညံသံနှင့်တုန်ခါမှုများ သက်ရောက်မှု မရှိစေရေး ဆူညံသံ ထွက်ရှိရာ နေရာများကို လုံခြုံစွာကာရံခြင်းများ ပြုလုပ်ထားရန်၊

(၇) ဒေသခံပြည်သူလူထု၏ ကန့်ကွက်မှု၊ တိုင်တန်းမှုများအား အလေးထား ဖြေရှင်းခြင်းနှင့် ဖြေရှင်းပြီးစီးမှုအခြေအနေအား ပြန်လည်အကြောင်းကြားခြင်းများ ပြုလုပ်ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်ပုံးများကို ခွဲခြား၍ သတ်မှတ်ထားသောနေရာများတွင် လုံလောက်စွာ ထားရှိရန်နှင့် ပြန်လည်အသုံးပြုနိုင်သော ပစ္စည်း၊ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြား၍ စွန့်ပစ်ရန်၊

(၂) သတ်မှတ်အချိန် သို့မဟုတ် ပမာဏအလိုက် အမှိုက်များကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့်ချိတ်ဆက်၍ စွန့်ပစ်ရန်၊

(၃) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသော အိတ်များတွင် သီးခြားသိမ်းဆည်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ချိတ်ဆက်၍ စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ မီးလောင်လွယ်မှု၊ ပေါက်ကွဲနိုင်မှု၊ ကူးစက်နိုင်မှု၊ အဆိပ်သင့်နိုင်မှု၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု

စသည့် ဘေးအန္တရာယ်ရှိနိုင်မှု အခြေအနေနှင့် အတန်းအစားတို့အား ဝန်ထမ်းများ သိရှိပြီး ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရေးအတွက် သင့်လျော် ကောင်းမွန်သည့် သင်တန်းများ ပို့ချဆောင်ရွက်ရန်၊

(၅) 3Rs စီမံခန့်ခွဲမှု (စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း) ကို လုပ်ဆောင်ရန်နှင့် ဝန်ထမ်းများအား အသိပညာ ပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) စီမံကိန်းဖျက်သိမ်းခြင်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် လုပ်ငန်းခွင် အတွင်း နေထိုင်သူများမှ စားကြွင်းစားကျန်များ၊ အိမ်သုံးအမှိုက်များ၊ မိလ္လာ အညစ်အကြေးများအား စွန့်ပစ်ခြင်းအတွက် အမှိုက်ပုံးများ ထားရှိပေးခြင်းနှင့် သတ်မှတ်ဧရိယာတွင် စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) စီမံကိန်းဖျက်သိမ်းခြင်းမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများအား အမျိုးအစား ခွဲခြား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ချိတ်ဆက်၍ စွန့်ပစ် ဆောင်ရွက်ရန်၊

(၈) စီမံကိန်းဖျက်သိမ်းခြင်း ဆောင်ရွက်စဉ် လုပ်ငန်းခွင်အတွင်း ယာယီယင်လုံ အိမ်သာများ စနစ်တကျတည်ဆောက်၍ လုံလောက်စွာ ထားရှိရန်။

(ဆ) **မြေဆီလွှာအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) မတော်တဆယိုဖိတ်ပါက မြေဆီလွှာသို့စိမ့်ဝင်မှုမရှိစေရန် လောင်စာဆီနှင့် အခြား ဓာတုပစ္စည်းများကို ကွန်ကရစ်ခင်းထား၍ အမိုးအကာရှိသော နေရာတွင် သိမ်းဆည်းထားသိုရန်၊

(၂) မတော်တဆ ယိုဖိတ်မှုမဖြစ်စေရန် လောင်စာဆီနှင့် အခြားဓာတု ပစ္စည်းများကို စနစ်တကျ သယ်ယူကိုင်တွယ်ဆောင်ရွက်ရန်၊

(၃) မော်တော်ယာဉ်နှင့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ထိခိုက်ဒဏ်ရာရမှုများနှင့် မတော်တဆမှုများအတွက် ဆေးသေတ္တာများ၊ ရှေးဦး သူနာပြုပစ္စည်းများနှင့် ဆက်သွယ်ရမည့် အချက်အလက်များ ထားရှိ ဆောင်ရွက်ရန်၊

(၂) ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေးဆိုင်းဘုတ်များ၊ အမှတ် အသားများ၊ လိုက်နာမှတ်များ သိသာမြင်သာစေရန် ထားရှိဆောင်ရွက်ရန်၊

(၃) လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်နှင့် အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၄) ကျောက်ချဉ်ဒြပ်ပေါင်းကိုင်တွယ်အသုံးပြုရာတွင် အရေပြားနှင့် တိုက်ရိုက်ထိတွေ့မှုမရှိစေရန်အတွက် ရာဘာလက်အိတ်များ အသုံးပြု၍ ကိုင်တွယ်ဆောင်ရွက်ရန်၊

(၅) စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး နည်းလမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၆) အမိုးနီးယားဓာတ်ငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော အန္တရာယ်များအကြောင်းကို စက်ရုံရှိ လုပ်သားများ သိရှိနားလည်နိုင်စေရန်နှင့် အန္တရာယ်ဖြစ်ပေါ်လာပါက ကာကွယ်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ရန်၊

(၇) ရှေးဦးသူနာပြုသင်တန်းများ လုပ်ဆောင်ပေးခြင်း။

(ဈ) **စွမ်းအင်စီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူနှင့် အအေးကို ထိန်းချုပ်ရန် Timer များနှင့် အပူချိန်ထိန်း ကိရိယာများကို တပ်ဆင်ထားရှိရန်၊

(၂) စွမ်းအင်လျှော့ချသည့် မီးလုံးများ၊ မီးချောင်းများနှင့် ကိရိယာများ တပ်ဆင်ရန်၊

(၃) အသုံးမပြုသည့်အခါတွင် စက်ပစ္စည်းများနှင့် မီးများကို ပိတ်ခြင်းနှင့် မိန်းချခြင်းများကို စနစ်တကျ ဆောင်ရွက်ရန်။

(ည) **အရေးပေါ် အခြေအနေ တုံ့ပြန်ရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေး၊ မြေငလျင်၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းကဲ့သို့သော အမျိုးမျိုးသော အရေးပေါ်အခြေအနေများကို စီမံခန့်ခွဲရေးအစီအမံများ ပြုလုပ်ဆောင်ရွက်ရန်၊

(၂) မီးငြိမ်းသတ်ရေး ကိရိယာများ၊ မီးသတ်ရေပိုက်စနစ်များ ထားရှိခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၃) အသေးစိတ်အကဲဖြတ်ခြင်း အစီအစဉ်များကို အလုပ်သမားများနှင့် ချိတ်ဆက်အသိပေး ဆောင်ရွက်ရန်၊

(၄) ကယ်ဆယ်ရေးကိရိယာများကို အချိန်အခါအလိုက် စစ်ဆေးထိန်းသိမ်းရန်၊

(၅) မီးဘေးကာကွယ်ရေးကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်ရန်၊

(၆) ငလျင်လှုပ်ခတ်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်ခြင်းကဲ့သို့သော မည်သို့ လုပ်ဆောင်ရမည်ကို အလုပ်သမားများအား သင်ကြားရန်၊

(၇) ဆေးအဖွဲ့မှ Primary Treatment ပြုလုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(၈) အရေးပေါ်အခြေအနေများဖြစ်လျှင် အနီးစပ်ဆုံး မီးသတ်စခန်း၊ နယ်မြေ ရဲစခန်း၊ ဆေးရုံ စသည်တို့ကို ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား အလွယ်တကူ မြင်နိုင်သော နေရာတွင် ထားရှိဆောင်ရွက်ရန်၊

(၉) မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့စသည်ဖြင့် ဘေးအန္တရာယ် ကင်းရှင်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်၊

(၁၀) ဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီမှ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆွေးနွေးရန် လစဉ်အစည်းအဝေး စီစဉ်ဆောင်ရွက်ရန်။

(ဃ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များ အတိုင်း အရေအတွက် သတ်မှတ်ချက် ပြည့်မီစေရေး ဆောင်ရွက်ရန်၊

(၂) စက်ရုံတွင် မီးသတ်ရေသိုလှောင်ကန်နှင့် မီးသတ်ဆေးဘူးများ လုံလောက်စွာ ထားရှိရန်၊

(၃) Fog Water Spray များတပ်ဆင်ထားရှိခြင်းနှင့် မီးသတ်ဌာနသို့ ဆက်သွယ် နိုင်မည့် ဖုန်းနံပါတ်များကို မြင်သာစွာထားရှိရန်၊

(၄) အရေးပေါ်ထွက်ပေါက်များ လမ်းကြောင်းများအား အမြဲရှင်းလင်းထားရှိရန်နှင့် စုရပ်နေရာအား စက်ရုံအတွင်းတွင် ညွှန်ပြထားရှိရန်၊

(၅) မီးငြိမ်းသတ်ကိရိယာများအသုံးပြုချိန်၌ ကောင်းမွန်မှုရှိစေရန်နှင့် အသင့်အနေ အထား ဖြစ်စေရေး စနစ်တကျ ထိန်းသိမ်းလဲလှယ်ထားရှိရန်၊

(၆) ဒေသန္တရ မီးသတ်ဌာန၏အကူအညီဖြင့် လုပ်သားများအား မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရေးပေါ်မီးငြိမ်းသတ်မှု သင်တန်းများပို့ချဆောင်ရွက်ရန်၊

(၇) မီးလောင်မှုဖြစ်ပွားပါက အလုပ်သမားများအား သတိပေးနိုင်ရန်အတွက် စက်ရုံတွင် အရေးပေါ် မီးသတိပေးချက် (Fire Alarm) တပ်ဆင်ထားရှိရန်။

(င) **အမိုးနီးယားဘေးကင်းလုံခြုံရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) အမိုးနီးယားဓာတ်ငွေ့ ဝယ်သည့်အချိန်နှင့် ဓာတ်ငွေ့ဖြည့်သွင်းသည့်အချိန်တွင် အဖွင့်အပိတ်ခလုတ်များအား ဂရုပြုကိုင်တွယ်ဆောင်ရွက်ရန်၊

(၂) အမိုးနီးယားဓာတ်ငွေ့နှင့်ကိုက်ညီသည့် ဖိအားဒဏ်ခံနိုင်သည့် ဆလင်ဒါအိုးများ အသုံးပြုဆောင်ရွက်ရန်၊

(၃) သံချေးမစားနိုင်သည့်ပိုက်များ အသုံးပြုရန်နှင့် ပိုက်လိုင်းတစ်လျှောက် Valve အရေအတွက် ပိုမိုထားရှိဆောင်ရွက်ရန်၊

(၄) အမိုးနီးယားဓာတ်ငွေ့သုံးသည့် ရေခဲစက်များသည် (၂၄) နာရီလည်ပတ်နေသည့် Continuous Process ဖြစ်သောကြောင့် မတော်တဆမှုများ ဖြစ်ပွားသည့်အခါ နီးစပ်ရာ Valve ကို ချက်ချင်းပိတ်နိုင်စေရေး ဆောင်ရွက်ရန်၊

(၅) အမိုးနီးယားဓာတ်ငွေ့အိုးများအား ခြောက်သွေ့၍ လေဝင်လေထွက်ကောင်းသော နေရာတွင် စနစ်တကျ ဒေါင်လိုက်သိုလှောင်ထားရှိရန်၊

(၆) ဓာတ်ငွေ့အိုးများအား ပွတ်တိုက်ဆွဲယူသယ်ဆောင်ခြင်း၊ လှိမ့်၍သယ်ဆောင်ခြင်း၊ စောင်း၍ သယ်ဆောင်ခြင်းများအား ရှောင်ကြဉ်ရန်နှင့် ဘီးတပ်တွန်းလှည်းဖြင့် သယ်ဆောင်ရန်၊

(၇) Alarm System ပါဝင်သော Ammonia Gas Detector များကို Valve များတွင် တပ်ဆင်ထားရှိရန်နှင့် ၎င်းတို့ကို နေ့စဉ် စစ်ဆေးရန်၊

(၈) Gas Line ၏ Piping နှင့် Joint ဆက်များ ယိုစိမ့်မှု မရှိစေရေး ပြုပြင်ထိန်းသိမ်းရန်အတွက် Maintainance Schedule ရေးဆွဲ၍ စက်ရုံကို ပုံမှန် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်နှင့် Maintenance Log book ထားရှိရန်၊

(၉) Ammonia Pipe Line များရှိ Pipe Line အဆက် (Joint) များကို Flange Type Union အဆက်များအစား ယိုစိမ့်နိုင်ခြင်းမရှိသည့် Welded Joint များ တပ်ဆင်အသုံးပြုရန်၊

(၁၀) Condenser Coil များသို့အဝင် Ammonia Pipe Line တွင် Safety Valve (၁) လုံး တပ်ဆင်၍ Outlet Pipe ကို ရေကန်အတွင်းသို့ မြှုပ်နှံထားရှိရန်၊

(၁၁) စက်ရုံရှိတပ်ဆင်ထားသော Temperature Gauge များ ဟောင်းနွမ်းပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ Ammonia Pressure Gauge နှင့် Temperature Gauge များကို ပုံမှန် Calibration ပြုလုပ်ရန်၊

(၁၂) အမိုးနီးယားဓာတ်ငွေ့အား အသုံးမပြုခင် အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာ (MSDS) အား ဖတ်ရှု၍ လိုက်နာဆောင်ရွက်ရန်၊

(၁၃) လုပ်ငန်းခွင်အန္တရာယ် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရန်၊

(၁၄) လုပ်ငန်းခွင်ရေိယာဝန်းကျင်နှင့် အမိုးနီးယားဓာတ်ငွေ့အိုးများ သိုလှောင်ထားရှိရာနေရာတို့တွင် အန္တရာယ်သတိပေးတံဆိပ်များ ကပ်ထားရန်၊

(၁၅) လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်သူများအတွက် အရေးပေါ်လိုအပ်ချိန် အသက်ရှူကာကွယ်ရေးကိရိယာများနှင့် အကာအကွယ်ဝတ်စုံ (PPE) များ အလုံအလောက် အရန်သင့်ထားရှိရန်၊

(၁၆) အမိုးနီးယားဓာတ်ငွေ့အိုးများကို "First in – First out" နည်းစနစ်ဖြင့် အသုံးပြုရန်၊ အပူနှင့် ဝေးကွာသောနေရာ၊ ကလေးသူငယ်များနှင့် ဝေးကွာသော နေရာများတွင် စနစ်တကျ ထားရှိသိုလှောင်ရန်၊

(၁၇) စက်ရုံဝန်ထမ်းများအား နှစ်စဉ် Medical Checkup ပြုလုပ်ပေးရန်၊

(၁၈) အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပွားပါက ဖြစ်ပေါ်နိုင်သော ကျန်းမာရေး ပြဿနာများ သတိပေးခြင်း၊ ယိုဖိတ်မှုကို ချက်ချင်းအတည်ပြုခြင်း၊ လုံခြုံရေး ဆိုင်ရာ အရေးပေါ် အစီအစဉ်များကို ချက်ချင်း အကောင်အထည်ဖော်ခြင်း၊ ယိုဖိတ်မှုကို ထိန်းချုပ်ခြင်း၊ သင့်တော်သောလေဝင်လေထွက်စနစ်ကို စီမံခြင်း၊ ကျန်းမာရေးအတွက် ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်း၊ ပျက်စီးမှုနှင့် အရေးပေါ်ဖြေရှင်းမှုများကို စစ်ဆေးပြီးအစီရင်ခံစာတင်ပြခြင်း၊ သန့်ရှင်းရေးနှင့် လုပ်ငန်းပြန်လည်စတင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(ကက) လေအရည်အသွေးကို $SO_2$, $NO_2$, CO, $O_3$, $PM_{2.5}$, $PM_{10}$, Ammonia စသည့် Parameter များအား စက်ရုံရှေ့တွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(ခခ) ဆူညံသံကို စက်ရုံရှေ့တွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာ ဆောင်ရွက်ရန်၊

(ဂဂ) ရေအရည်အသွေးနှင့်ပတ်သက်၍ သန့်စင်ပြီးရေကို pH, Turbidity, Total Dissolved Solids, Color, Iron, Fluoride, Total Hardness, Chloride, Sulphate နှင့် Ammonia စသည့် Parameter တို့ကို (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(ဃဃ) ရေအရည်အသွေးနှင့်ပတ်သက်၍ စွန့်ပစ်ရေကို pH, COD, BOD, Total Suspended Solids, Total Dissolved Solids, Total Phosphorus, Ammonia, Iron, Fluoride စသည့် Parameter တို့ကို (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(ငင) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ လှည့်လည်ကြည့်ရှုခြင်းနှင့် မှတ်တမ်း တင်ခြင်းတို့ကို စက်ရုံအတွင်း အပတ်စဉ်ဆောင်ရွက်ရန်၊

(စစ) ကျန်းမာရေးနှင့် ဘေးကင်းရေးကို စက်ရုံအတွင်း လစဉ်ဆောင်ရွက်ရန်၊

(ဆဆ) မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးသတ်ဆေးဘူးများ၊ မီးဘေးအချက်ပြစနစ်များ ကောင်းမွန်ခြင်း ရှိ/ မရှိ စက်ရုံအတွင်း လစဉ်ဆောင်ရွက်ရန်။

(၂) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) လေအရည်အသွေးကို $SO_2$, $NO_2$, CO, $O_3$, $PM_{2.5}$, $PM_{10}$, Ammonia စသည့် Parameter များအား စက်ရုံရှေ့တွင် (၁) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(ခခ) ဆူညံသံကို စက်ရုံရှေ့တွင် (၁) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(ဂဂ) ရေအရည်အသွေးကို Dissolved Oxygen, pH, COD, BOD, Total Suspended Solids, Oil & Grease, Total Phosphorus, Ammonia, Iron, Fluoride and Total Coliform စသည့် Parameter တို့ကို (၁) ကြိမ် တိုင်းတာဆောင်ရွက်ရန်၊

(ဃဃ) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ လှည့်လည်ကြည့်ရှုခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဖြိုဖျက်ခြင်းလုပ်ငန်းခွင်တွင် အပတ်စဉ် ဆောင်ရွက်ရန်၊

(ငင) ကျန်းမာရေးနှင့် ဘေးကင်းရေးကို ဖြိုဖျက်ခြင်းလုပ်ငန်းခွင်တွင် လစဉ်ဆောင်ရွက်ရန်။

(ဎ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(တ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ (၆,၁၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ (၃,၇၅၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၃) စီမံကိန်းလည်ပတ်ခြင်းကာလတွင် အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ (၁,၅၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၄) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂)% မရရှိခင် နှစ်စဉ် (၃,၅၀၀,၀၀၀) ကျပ်အား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် သုံးစွဲရန်၊

(၅) အထွေထွေကုန်ကျစရိတ် (သက်ဆိုင်ရာများထံမှ စစ်ဆေးခြင်း/ စာရင်းစစ်/ ထောက်ပံ့ပို့ဆောင်ရေး) အတွက် နှစ်စဉ် (၁,၀၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၆) စီမံကိန်းပိတ်သိမ်းခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ (၁,၅၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၇) စီမံကိန်းပိတ်သိမ်းခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ (၁,၇၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်။

(ထ) **လုပ်ငန်းပိတ်သိမ်းခြင်းအဆင့် သက်ရောက်မှု လျှော့ချမည့်အစီအစဉ်။** စီမံကိန်းပိတ်သိမ်းခြင်းကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးအတွက် စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းစဉ်မှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်၊ လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အမိုးနီးယား ပိုက်လိုင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) HCFCs/R-22 အသုံးပြုသည့် မြင်းကောင်ရေ (၂.၅) နှင့်အောက် အင်အားရှိ လေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုအား ၁-၇-၂၀၂၀ ရက်နေ့မှ စတင်တားမြစ်သည့် အမိန့်ကို ၂-၄-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၂၈/၂၀၂၀ ဖြင့်လည်ကောင်း၊ HCFCs/R-22 အပါအဝင် ဟိုက်ဒရိုဖလူရိုကာဗွန် (HCFCs) အသုံးပြုသည့် မြင်းကောင်ရေ ၂.၅ (21000 BTU/hr) နှင့်အထက်စွမ်းအား (Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံး (Commercial Refrigerator) အေးခဲသိုလှောင်ခန်းများ (Cold Storage)၊ အေးခဲစက်များ (Chiller) ပြည်တွင်းသို့ တင်သွင်းမှု ၆-၁၁-၂၀၂၄ ရက်နေ့မှစ၍ တားမြစ်သည့်အမိန့်ကို ၉-၈-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်သဖြင့် ရေအေး/ လေအေးပေးစက်များတွင်

ပြောင်းလဲအသုံးပြုမည့် Chilling Agent နှင့်ပတ်သက်၍ ပြဋ္ဌာန်းထုတ်ပြန်ချက်ကို လိုက်နာဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ် ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်း အစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျ စရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန် ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လုပ်မှု) လမ်းညွှန်ချက်များ၏ အထွေအထွေ လမ်းညွှန်ချက်ပါ အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်ပြီးမှ စွန့်ပစ်ရန်၊

(၄) အသုံးပြု ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) စီမံကိန်းကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း။

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကိုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်းပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုများ၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန် သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့်လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များ။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ် / မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ဓ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကြောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(န) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ပ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှရရှိသော ရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြား ရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ

ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြား မည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်း မကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထား

အသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

.............................................................................................................